၁- ၀၁။ မန္တလေးစည်ပင်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတို့သည် သက်ဆိုင်ရာဥပဒေများအရလုပ်ပိုင်ခွင့်အပ်နှင်းခံရသောတရားဝင်အဖွဲ့အစည်းများဖြစ်ကြောင်းနှင့် ဤစာချုပ်ကိုချုပ်ရန်အခွင့်အာဏာရှိသူ၊ ဘဏ္ဍာငွေတောင့်တင်းသူနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူများဖြစ်ကြောင်း တာဝန်ယူကြပါသည်။

၁- ၀၂။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ရင်းနှီးငွေများကို မြန်မာနိုင်ငံသားများကသာ ပိုင်ဆိုင်ကြပြီးနိုင်ငံခြားသားများ၏ ပိုင်ဆိုင်မှုလုံးဝမပါဝင်ကြောင်း အာမခံပါသည်။

၁၃၄၆
နေ့ ၁၂.၇.၂၀၀၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရှေ့နေချုပ်ရုံး

စာအမှတ်၊ ၂(၅)၃-၄၀(၁၈၉)
ရက် စွဲ ၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ(၆) ရက်

အကြောင်းအရာ။ <u>မန္တလေးမြို့စည်ပင်သာယာရေးကော်မတီနှင့်Diamond Palace Co, Ltd တို့ချုပ်ဆိုမည့်အဆောက်အဦးငှားရမ်းသည့်စာချုပ်(မူကြမ်း)စိစစ်ရန်ကိစ္စ</u>

ရည်ညွှန်းချက်။ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ၏ ၁၉-၆-၂၀၀၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁/၃/စခမ(၁၄၅၁)

၁။ မန္တလေးမြို့၊ ၈၄-လမ်း ၊ ၂၇-လမ်း နှင့် ၂၈-လမ်းကြား ရှိ မန္တလေး စည်ပင်သာယာရေး ကော်မတီပိုင် ဈေးချိုတောင်ဘက်တိုက်တန်း၊ဒုတိယထပ်၊ တတိယထပ်နှင့် ခေါင်မိုးအဆောက်အဦးကိုအား Diamond Palace Co, Ltd သို့ငှားရမ်းမည့်စာချုပ်(မူကြမ်း)ကိုစိစစ်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသည့်ကိစ္စဖြစ်ပါသည်။

၂။ ပူးတွဲပေးပို့လာသောစာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) စာချုပ်(မူကြမ်း)အပိုဒ်၂-၀၂တွင်ငှားရမ်းခပေးဆောင်ရမည့် ငွေအရေအတွက်များအားစာဖြင့်ရေးသား ဖော်ပြရန်လိုအပ်ပါသည်။ ငှားရမ်းခပေးသွင်းရမည့် ရက်မှာ အပိုဒ် ၂-၀၂(၁)နှင့် ၂-၀၂(၂)တို့ ဆန့်ကျင်နေသဖြင့် အပိုဒ် ၂-၀၂(၂)အား ပယ်ဖျက်ပေး လိုက်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)မူလအပိုဒ်၂-၀၅၊ ၃-၀၁၊ ၃-၀၂၊ ၆-၀၃၊ ၆-၁၀၊ ၂၀-၀၁တို့မှာစာချုပ်(မူကြမ်း)မူလအပိုဒ်၅-၀၃၊ ၂-၀၁၊ ၂၀-၀၁၊ ၆-၀၆နှင့်၇-၀၁တို့တွင်ပါရှိပြီး ဖြစ်သဖြင့်ပယ်ဖျက်ပေး လိုက်ပါသည်။

(ဂ) စာချုပ်(မူကြမ်း) မူလအပိုဒ် ၆-၁၁၊ ၁၆၊ ၁၇၊ ၂၃-၁၁ တို့မှာ ငွေစာရင်းကိစ္စရပ်များ၊ ဝင်ငွေအမျိုးအစားရှင်းလင်းချက်များ၊ လုပ်ငန်းတာဝန်နှင့်လုပ်ဆောင်မှုဖြစ်စဉ်များ၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဖော်ပြထားခြင်းဖြစ်ရာအဆောက်အဦငှားရမ်းခြင်းစာချုပ်နှင့်သက်ဆိုင်ခြင်းမရှိသဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) မူလအပိုဒ် ဂ စာချုပ်ရပ်စဲခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များကိုပြင်ဆင်ဖြည့်စွက် ရေးသားပေးလိုက်ပါသည်၊

(င) စာချုပ်(မူကြမ်း) မူလအပိုဒ် ၉ အနုညာတ စီရင်ခြင်းနှင့် စပ်လျဉ်း၍စာချုပ်များတွင်အသုံးပြုနေကျပုံစံအား Slip ကပ်ပေးလိုက်ပါသည်၊

(စ) စာချုပ်(မူကြမ်း) မူလအပိုဒ် ၁၀ လွှမ်းမိုးသည့် ဥပဒေ၊ စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်းသည့်အပိုဒ်မှာ မလိုအပ်သဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်၊

(ဆ) စာချုပ်တွင် နောက်ဆက်တွဲများပါရှိကြောင်းစာချုပ်(မူကြမ်း)၏ မူလအပိုဒ် ၂၃-၀၂ တွင် ဖော်ပြထားသော်လည်း ပေးပို့လာသောစာချုပ်(မူကြမ်း)တွင်ပူးတွဲပါရှိလာခြင်း မရှိသဖြင့်စာချုပ်လက်မှတ်ရေးထိုးချိန်တွင် နောက်ဆက်တွဲများ၊ မြေပုံများ ပြည့်စုံစွာပူးတွဲထားရန်လိုအပ်ပါသည်၊

(ဇ) ကျန်လိုအပ်သောနေရာများတွင်မင်နီဖြင့်ပြင်ဆင်ဖြည့်စွက်ရေးသားပေးလိုက်ပါသည်။

၃။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရတံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရရှိသေးလျှင်၂၂အဆောက်အဦး ငှားရမ်းခြင်းစာချုပ်ပေါ်တွင် တံဆိပ်ခေါင်းအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အငှား ချထားခြင်းခံရသူကတံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၄။ Diamond Palace Co Ltd သည်တရားဝင်ဖွဲ့စည်းထား သော ကုမ္ပဏီဟုတ် မဟုတ်၊ ဝေဘဆုပ်ပါလုပ်ငန်း ကိုလုပ်ကိုင်ရန် ငွေကြေးအင်အား ရှိ မရှိ စာချုပ်တွင်လက်မှတ်ရေးထိုး ပြုသူသည်တရားဝင်လွှဲအပ်ခြင်းခံရသူ ဟုတ် မဟုတ် စသည်တို့အတွက် သက်ဆိုင်ရာစာရွက်စာတမ်း များ တောင်းယူစိစစ်သင့်ပါသည်။

၅။ ဤစာချုပ်ကိုလက်မှတ်ရေးထိုး ပြီး ပါကမှတ်တမ်း တင်ထား နိုင် ရန် အတွက်ဤရုံးသို့မိတ္တူ(၃) စောင် ပေး ပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မေခင်၊ ညွှန်ကြားရေးမှူး)

မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ

အပိုဒ်- (၂)။ <u>ငှားရမ်းသည့်ပစ္စည်း၊ ငှားရမ်းသည့်ကာလနှင့် ငှားရမ်းခ</u>

၂ - ၀၁။ မန္တလေးစည်ပင်သည် လုပ်ငန်းလုပ်ကိုင်ခွင့် ရသူကိုနောက်ဆက်တွဲ(၁)ပါ ဈေးချို ကောင်ဘက် တိုက်တန်း ဒုတိယထပ်၊ တတိယထပ်နှင့် ခေါင်မိုးထပ်တို့အား ငှားရမ်းရန် သဘောတူပါသည်။ ငှားရမ်းမည့်ကာလမှာ စာချုပ် ချုပ်ဆိုသည့်နေ့မှ ၁၀နှစ်ဖြစ်ပါသည်။

၂ - ၀၂။ ဈေးချိုကောင်ဘက်တိုက်တန်း ဒုတိယထပ်၊ တတိယထပ်နှင့် ခေါင်မိုးထပ်တို့၏ငှားရမ်းခအဖြစ် နှစ်စဉ်ခေါင်မိုးထပ်အား(၁) စတုရန်းမီတာလျှင်(၆၀၀) (ခြောက်ရာ)ကျပ် နှုန်းဖြင့်(၁၆၄၉) စတုရန်းမီတာအတွက်ငွေ (၉၈၉၄၀၀) (ကိုးသိန်း ရှစ်သောင်းကိုးထောင် လေးရာ)ကျပ်၊ တတိယ ထပ်အား(၁)စတုရန်းမီတာလျှင် (၆၅၀) (ခြောက်ရာငါးဆယ်) ကျပ်နှုန်းဖြင့်(၁၉၈၅. ၄)စတုရန်း မီတာအတွက် ငွေ(၁၂၉၀၅၁၀) (တစ်ဆယ့်နှစ်သိန်း ကိုးသောင်း ငါးရာ့တစ်ဆယ်)ကျပ်၊ ဒုတိယ ထပ်အား (၁) စတုရန်းမီတာလျှင် (၇၀၀) (ခုနှစ်ရာ) ကျပ် နှုန်းဖြင့် (၁၈၈၆) စတုရန်းမီတာအ တွက်ငွေ(၁၃၂၀၂၀၀) (တစ်ဆယ့်သုံးသိန်း နှစ်သောင်းနှစ်ရာ)ကျပ်၊ စုစုပေါင်းငွေ(၃၆၀၀၁၁၀) ကျပ်သတ်မှတ်သည်။ ငှားရမ်းခကို (၃)လလျှင် တစ်ကြိမ်ပေးချေရမည်။ (၃)လ အတွက် ငှားရမ်းခ ကျသင့်ငွေ(၉၀၀၀၂၇.၅) (ကိုးသိန်း နှစ်ဆယ့်ခုနှစ်ကျပ် ငါးဆယ်ပြား)ကို သက်ဆိုင်ရာ(၃)လပတ် ၏ ပထမဆုံးလ လဆန်း (၁၀) ရက်အတွင်း ကြိုတင်ပေးချေရမည်။

၂ - ၀၃။ အပိုဒ် ၂- ၀၂ ပါ သဘောတူညီချက်အတိုင်း အချိန်မီပေးချေခြင်း မပြုက ဒဏ်ကြေးအဖြစ် ကျော်လွန်သည့်ရက် တစ်ရက်လျှင်ပေးချေရမည့်ငွေ၏ ၀. ၁%ကို လုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှ ပေးဆောင်ရမည်။

၂ - ၀၄။ ငှားရမ်းခကို (၅) နှစ် တစ်ကြိမ်၁၅ရာခိုင်နှုန်းထက် မပိုစေဘဲ နှစ်ဦးနှစ်ဘက် ညှိနှိုင်း၍ တိုးခြင်း၊ လျော့ခြင်းစသည်တို့ကို ပြင်ဆင်သတ်မှတ်သွားနိုင်သည်။

အပိုဒ် - ၃။ <u>စာချုပ်သက်တမ်း တိုးမြှင့်ခြင်း</u>

၃ - ၀၁။ ငှားရမ်းခြင်းသက်တမ်း (၁၀)နှစ်ပြည့်ပြီးသောအခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဆက်လက် လုပ်ကိုင်လိုပါက စာချုပ်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး (၃)လကြိုတင်၍ မန္တလေးစည်ပင် သို့တင်ပြရမည်။ မန္တလေးစည်ပင်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတို့ သဘောတူညီချက်ရရှိလျှင် စာချုပ်အသစ် ချုပ်ဆို၍ နောက်ထပ် (၅) နှစ် (၁) ကြိမ် ထပ်မံငှားရမ်းခွင့် ပြုနိုင်သည်။

အပိုဒ် - ၄။ <u>စာချုပ်အကျိုးသက်ရောက်မှု</u>

၄ - ၀၁။ ဤစာချုပ်သည် နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုးပြီးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေ ရမည်။

အပိုဒ် - ၅။ **ရင်းနှီးမြှုပ်နှံမှု**

၅ - ၀၁။ ဤစာချုပ်အရ လုပ်ငန်းလုပ်ကိုင်ခွင့်ရ ပူသည် ဤစာချုပ်ပါ လုပ်ငန်း လုပ်ကိုင်ရန်အတွက် အထောက်အကူပြု တည်ဆောက်ပြုပြင်ခြင်းများ၊ အခြားပစ္စည်းများနှင့် ငွေသား ရင်းနှီးမြှုပ်နှံမှုများကို ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံရမည်။

၅ - ၀၂။ ဟိုတယ်ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများကို ဤစာချုပ်လက်မှတ်ရေးထိုးပြီးနောက် ၃ လ (သုံးလ) အတွင်းအပြီးဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၅ - ၀၃။ စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ဟိုတယ်စတင် ဖွင့်လှစ်နိုင်သည်ဖြစ်စေ၊ မဖွင့်လှစ်နိုင်သည်ဖြစ်စေ ငှါးရမ်းခများကို ဟိုတယ်လုပ်ငန်း စတင်သကဲ့သို့ မှတ်ယူ၍ ပေးချေရမည်။

၅ - ၀၄။ ဆောက်လုပ်ရမည့်လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးရန်အတွက် ဘဏ်အာမခံငွေအဖြစ် ကျပ်သိန်း (၂၀) (သိန်းနှစ်ဆယ်) ကို ဤစာချုပ် လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၃၀) အတွင်း မန္တလေးစည်ပင်၏ ငွေစာရင်းသို့ ဘဏ်အာမခံပြုလုပ်၍လုပ်ငန်းလုပ်ကိုင်ခွင့် ရသူက လွှဲပြောင်းပေးထားရမည်။ သတ်မှတ်ကာလ (၃) လအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိပါက အဆိုပါ ဘဏ်အာမခံငွေကို မန္တလေးစည်ပင်က သိမ်းယူခွင့် ရှိစေရမည်။ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးပါက မန္တလေးစည်ပင်၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဘဏ်မှ အဆိုပါ ဘဏ်အာမခံ ကျပ်သိန်း (၂၀) (သိန်းနှစ်ဆယ်) ကို ပြန်လည်ထုတ်ယူခွင့်ရှိစေရမည်။

အပိုဒ် - ၆။ **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ၏တာဝန်များ**

၆ - ၀၁။ လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ၏ တာဝန်များမှာ ရင်းနှီးမြှုပ်နှံမှုကို ရာနှုန်းပြည့် (၁၀၀%) ဆောင်ရွက်ရမည်။

၆ - ၀၂။ ဟိုတယ်နှင့် လုပ်ငန်းအသီးသီး ပြုလုပ်ရန် ပြင်ဆင်၊ မွမ်းမံတိုးချဲ့ရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်း အထောက်အကူပြု ဆောက်လုပ်တပ်ဆင်ခြင်းများကို ဤစာချုပ်လက်မှတ်ရေးထိုးပြီးသည့်နေ့မှစ၍ (၃) လအတွင်းအပြီး အကောင်အထည်ဖော်ရမည်။

၆ - ၀၃။ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ လုပ်ငန်းများ စတင်လုပ်ဆောင် အကောင်အထည်ဖော်ရမည်။

၆ - ၀၄။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂ (ဆ) အရ ရင်းနှီးမြှုပ်နှံမှုပြုလျှက် ပုဒ်မ ၃ (က) (ခ) (ဆ) (ဇ) (ဈ) (ည) ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန် အစွမ်းကုန် ကြိုးပမ်းရမည်။

၆ - ၀၅။ စာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ဆောင်မှုများ အားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရမည်။

၆ - ၀၆။ မန္တလေးစည်ပင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိုးရ အဖွဲ့အစည်းများက ဤစာချုပ်အရ အကျိုးဝင်သော လုပ်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အကြောင်းအားလျော်စွာ တောင်းခံလာတိုင်း ပြုစုတင်ပြရမည်။

၆ - ၀၇။ မန္တလေးစည်ပင်၏ သဘောတူညီမှု မရရှိဘဲ ငှားရမ်းထားသော အဆောက်အဦးအား ထပ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ လွှဲအပ်ခြင်း၊ လွှဲပြောင်းခြင်းမပြုရ။ ထို့ပြင် တည်ဆောက်ခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းများနှင့် ပတ်သက်သော အခွင့်အရေးပိုင်ခွင့်များနှင့် ဤစာချုပ်အရ ဖြစ်ထွန်းလာသည့် အကျိုးကျေးဇူးများကိုလည်း မန္တလေးစည်ပင်၏ သဘောတူညီမှုမရဘဲ မိမိနှင့် ဆက်နွယ်သူများ (သို့မဟုတ်) မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို လွှဲပြောင်းလုပ်ကိုင်ခံစားစေခြင်း မပြုရ။

၆ - ၀၈။ အဆောက်အဦး ငှားရမ်းခများကို သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ မန္တလေးစည်ပင်အား ပေးချေသွားရမည်။

၆ - ၀၉။ အငှားချထားသည့် အဆောက်အဦးများနှင့် စပ်လျဉ်းသည့် စည်ပင်သာယာခွန်နှင့် အခြားသက်ဆိုင်ရာ အစိုးရဌာနများ၊ သတ်မှတ်သည့်လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်အခ အမျိုးမျိုးကို ပေးချေရမည်။

၆ - ၁၀။ တည်ဆောက်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လျှင်သော်လည်းကောင်း၊ ပြုပြင်မွမ်းမံရန် လိုအပ်လျှင်သော်လည်းကောင်း အဆောက်အဦးပုံစံများနှင့် စပ်လျဉ်း၍ မန္တလေးစည်ပင်၏ သဘောတူညီမှု ရယူရမည်။ ဆောက်လုပ်ခွင့်ကိုလည်း မန္တလေးစည်ပင်ထံမှ ကြိုတင်ရယူရမည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် အချို့လုပ်ငန်းများသည် အာဏာပိုင်အဖွဲ့အစည်းများမှလည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်းကောင်း ခွင့်ပြုမိန့်လိုအပ်ပါက တာဝန်ယူဆောင်ရွက်ရမည်။

၆ - ၁၁။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် မဟုတ်ဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ လွဲမှားသောဆောင်ရွက်ချက်များ (သို့မဟုတ်) သင့်လျော်သလို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း (သို့မဟုတ်) ပေါ့လျော့ခြင်းတို့ကြောင့် ဖြစ်ပွား ပေါ်ပေါက်သည့် အငှားချထားသော အဆောက်အဦးပေါ်တွင်တည်ရှိသော လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ပြုပြင်မွမ်းမံ တည်ဆောက်ထားသည့် အဆောက်အဦးနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းအတွက် နဂို မူလအခြေအနေသို့ ရောက်ရှိရန် ကုန်ကျစရိတ်အားလုံးကို ပေးလျော်ရမည်။

စာပိုဒ် - ၇။ **မန္တလေးစည်ပင်၏ တာဝန်များ**

၇ - ၀၁။ မန္တလေးစည်ပင်၏ တာဝန်များမှာ- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက် ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

၇ - ၀၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်သက်သာခွင့်များနှင့် ကင်းလွတ်ခွင့်များကို လျှောက်ထားရာ၌ ကူညီဆောင်ရွက်ပေးရမည်။

၇ - ၀၃။ လိုအပ်သော ခွင့်ပြုချက်များ မှတ်ပုံတင်မှုများ လိုင်စင်များကို သက်ဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများထံမှ ရယူရာတွင် ကူညီဆောင်ရွက်ပေးရမည်။

၇ - ၀၄။ လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ ၏ ဟိုတယ်လုပ်ငန်းနှင့် အခြားသော လုပ်ငန်းများအတွက် လိုအပ်သည့် တယ်လီဖုန်း၊ ဖက်(စ်) နှင့် ထရန်စဖော်မာ တပ်ဆင်ခွင့်၊ ရေမီတာတပ်ဆင်ခွင့်များ ရရှိရေးနှင့် ယာဉ်ရပ်နားရန်နေရာများ၊ ငှားရမ်းထားသော အဆောက်အဦးဝန်းကျင်၌ တရားဝင်ခွင့်ပြုချက် မရှိဘဲ ဈေးရောင်းချခြင်းများကို ဖယ်ရှားရေး၊ အခြားလိုအပ်သည့် ဆက်သွယ်ရေး တပ်ဆင်ခွင့်များ အပြည့်အဝရရှိရေးကို ကူညီဆောင်ရွက်ပေးရမည်။

၇ - ၀၅။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အငှားချထားသည့် ငှားရမ်းကာလအတွင်း အငှားချထားသော အဆောက်အဦးများကို အေးငြိမ်းချမ်းသာစွာ လက်ဝယ်ထားပိုင်ခွင့် ရှိရေးအတွက် မန္တလေး စည်ပင်ကသော်လည်းကောင်း၊ ၎င်း၏ တရားဝင် ကိုယ်စားလှယ်ကသော် လည်းကောင်း၊ ဤစာချုပ် အတည်ဖြစ်နေသည့်ကာလအတွင်း ဝင်ရောက်စွက်ဖက်ခြင်း (သို့မဟုတ်) မည်သည့်နည်းဖြင့်မဆို အနှောက်အယှက်ပြုခြင်းမရှိစေရ။

အပိုဒ် - ၈။ **<u>စာချုပ်ရုပ်သိမ်းခြင်း</u>**

၈ - ၀၁။ ဤစာချုပ်သည် အောက်ဖော်ပြပါ အခြေအနေ အဖြစ်အပျက်တစ်ရပ်ရပ် ဖြစ်ပေါ်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်နှင့် ရုပ်သိမ်းနိုင်သည်-

၈ - ၀၁ (၁) စာချုပ်ဝင်နှစ်ဦးနှစ်ဖက် စာချုပ်ရုပ်သိမ်းရန် သဘောတူသည့်အခါ၊

၈ - ၀၁ (၂) စာချုပ်ပါ မန္တလေးစည်ပင် (သို့မဟုတ်) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှ ဤစာချုပ်ပါ ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန် စည်းကမ်းချက်များကို ဖောက်ဖျက်သည့်အခါ၊

၈ - ၀၁ (၃) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဤစာချုပ် ချုပ်ဆိုပြီးနောက် (၃) လအတွင်း ဂတိအာမခံချက်အတိုင်း ပြုပြင်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းများ၊ တပ်ဆင်ခြင်းများကို ပြီးစီးအောင် ပြုလုပ်နိုင်စွမ်းမရှိသည့်အခါ၊

၈ - ၀၁ (၄) စာချုပ်သက်တမ်း ကုန်ဆုံးသည့်အခါ၊

၈ - ၀၁ (၅) မလွန်ဆန်နိုင်သည့်ဖြစ်ရပ်သည် (၆) လတစ်ဆက်တည်းဖြစ်၍ လုပ်ငန်းဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့်အခါ၊

၈ - ၀၂။ အထက်ပါစာပိုဒ် ၈- ၀၁ ပါအတိုင်း စာချုပ်ရုပ်သိမ်းရခြင်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ဤစာချုပ်ပါ ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန် စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်း ကြောင့်နှင့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှုကြောင့်ဖြစ်ပါက အငှားချထားသည့် အဆောက်အဦးအပါအဝင်လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ဆောက်လုပ်ပြုပြင်မွမ်းမံမှုများ၊ ပစ္စည်းများအပေါ်တွင် တပ်ဆင်မှုများ၊ ပုံစံပြောင်းလဲမှုများ အားလုံးကို အဖိုးစားနားမယူဘဲ မန္တလေးစည်ပင်က ပြန်လည်၍လက်ဝယ် ရယူခွင့်ရှိသည်။ ထိုသို့ ပြန်လည်ဝင်ရောက်ပြီး လက်ရှိထားရုံဖြင့် မန္တလေးစည်ပင်က လုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ ငှားရမ်းခ တောင်းဆို ရယူခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

အပိုဒ် - ၉။ **ခုံသမာဓိဖြင့် ဆုံးဖြတ်ခြင်း (အနုညာတစီရင်ခြင်း)**

၉ - ၀၁။ ဤသဘောတူစာချုပ်နှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီ ခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက်သည် အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံ အနုညာတ စီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေအမှတ်- ၄/၁၉၄၄) နှင့် နောက်ပိုင်းထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတ စီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် မန္တလေးမြို့ ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

အပိုဒ် - ၁၀။ **စာချုပ်ပြင်ဆင်ခြင်းနှင့်ဖြည့်စွက်ခြင်း**

၁၀ - ၀၁။ စာချုပ်တွင်မပါဝင်သော ကိစ္စရပ်တစ်ခုခုကြောင့် စာချုပ်ကိုပြင်ဆင်ရန် (သို့မဟုတ်) ဖြည့်စွက်ရန် အခြေအနေတစ်ရပ်ရပ် ဖြစ်ပေါ်လာပါက စာချုပ်ဝင်များသည် ထိုကဲ့သို့သော လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်ကို နှစ်ဦးနှစ်ဖက် ညှိနှိုင်း ရေးသား၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ရယူပြီး ပြင်ဆင်ဖြည့်စွက် နိုင်သည်။

အပိုဒ် - ၁၁။ **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း**

၁၁ - ၀၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဟိုတယ်၊ စားသောက်ဆိုင်၊ ယမကာကောင်တာနှင့် အခြားလုပ်ငန်းအဆောက်အဦးများ၊ ယင်းတို့ပတ်ဝန်းကျင်ရှိ ရေ၊ လေ၊ မြေညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုများကို မဖြစ်ပေါ်စေရန် ထိန်းသိမ်းရမည်။ ရေဆိုးများ သန့်စင်ခြင်းလုပ်ငန်းကဲ့သို့သော ပတ်ဝန်းကျင်ကာကွယ်ရေးအတွက် အစီအမံများ ပြုလုပ်ရမည်။ ထို့ပြင်မိမိလုပ်ငန်းဝန်းကျင် သာယာစိုပြေနှစ်လိုဖွယ်ရာရှိစေသော သန့်ရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ရမည်။

အပိုဒ် - ၁၂။ **မလွန်ဆန်နိုင်သော ဖြစ်ရပ်များ**

၁၂ - ၀၁။ စာချုပ်ဝင်တစ်ဖက်ဖက်သည် ဤစာချုပ်ပါတာဝန်များကို ဆောင်ရွက်ရာတွင် မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ပျက်ကွက်ခြင်း၊ နှောင့်နှေးခြင်းများအတွက် မည်သူ့ဘက်တွင်မှ တာဝန်မရှိစေရ။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ အစိုးရ၏ တားဆီးမိန့်၊ သပိတ်မှောက်မှု၊ စစ်ဖြစ်မှု၊ ပိတ်ဆို့တားဆီးမှု၊ သူပုန်ထမှု၊ အဓိကရုန်းဖြစ်မှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ ပေါက်ကွဲမှု၊ မီးလောင်မှု၊ ရေကြီးမှု၊ လေမုန်တိုင်းကျမှု စသော စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သောသတိနှင့် ဝီရိယရှိစေကာမူ မတားဆီးနိုင်၊ မကျော်လွှားနိုင်သည့် အလားတူ ဖြစ်ရပ်များဖြစ်သည်။

၁၂ - ၀၂။ စာချုပ်ဝင် နှစ်ဦးနှစ်ဖက်တို့သည် ထိုကဲ့သို့ မလွန်ဆန်နိုင်သည့် ဖြစ်ရပ်များနှင့် ကြုံတွေ့ရလျှင် ကြုံတွေ့ရသူက အခြားစာချုပ်ဝင်တစ်ဖက်အား ထိုအဖြစ်အပျက်ကို ဖြစ်ပွားပြီး (၇) ရက်အတွင်း ဖြစ်ပွားမှုအခြေအနေကို အသေးစိတ်အကြောင်းကြားရန်နှင့် ထိုကာလအတွင်းဖြစ်ပေါ်မှု အခြေအနေ၊ မိမိက ဆုံးဖြတ်ဆောင်ရွက်မှုအခြေအနေနှင့် အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေများကို အကြောင်းကြားရမည်။ ထိုမလွန်ဆန်နိုင်သောဖြစ်ရပ်ကို ခံရသူ၏ တာဝန်များကို အခြားစာချုပ်ဝင် တစ်ဖက်၏သဘောတူညီမှုအရ ထိုမတားဆီးနိုင်သည့်ကာလအတွင်း ဆိုင်းငံ့စေမည်။ သို့ရာတွင် ထိုဆိုင်းငံ့ထားသည့်ကာလသည် အကျိုးအကြောင်းဆက်နွယ်မှုအရ လိုအပ်သည်ထက်ပို၍ မကြာစေရဘဲ ထိုအဖြစ်အပျက်ကိုလည်း ထိုမလွန်ဆန်နိုင်သောဖြစ်ရပ်ကို ခံရသူက အမြန်ဆုံး ဖြစ်နိုင်သမျှ ဖယ်ရှားပစ်ရမည်။

၁၂ - ၀၃။ ထိုမလွန်ဆန်နိုင်သောဖြစ်ရပ်ကို ဖယ်ရှားပြီးသည်နှင့် တပြိုင်နက် မလွန်ဆန်နိုင်သောဖြစ်ရပ်ကို ခံရသူသည် အမြန်ဆုံးနှင့်အထိရောက်ဆုံးလုပ်ငန်း ဆောင်ရွက်ရမည်။

အပိုဒ် - ၁၃။ စည်းကမ်းသတ်မှတ်ချက်များ

၁၃ - ၀၁။ ဤစာချုပ်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အာဏာပိုင်အဖွဲ့အစည်းများထံမှ လိုအပ်သည့်သဘောတူညီချက်၊ ခွင့်ပြုချက်များအပေါ်တွင် တည်ရှိပါသည်။

၁၃ - ၀၂။ ဤစာချုပ်၏ အကျိုးသက်ရောက်မှုသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း၏ ဤစာချုပ်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သောသဘောတူညီချက်များနှင့် ခွင့်ပြုမိန့်များရရှိပြီးနောက် စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် လက်မှတ်ရေးထိုးသည့်နေ့မှစတင်ရမည်။

အပိုဒ် - ၁၄။ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ

၁၄ - ၀၁။ နှစ်ဖက်သောစာချုပ်ဝင်များသည် ဤစာချုပ်မှ ပေါ်ပေါက်လာသည့် ၎င်းတို့၏တာဝန်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်။

အပိုဒ် - ၁၅။ ဝန်ထမ်းများခန့်ထားခြင်း

၁၅ - ၀၁။ လိုအပ်သော ဝန်ထမ်းများကို ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေများနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ခန့်ထားပြီး ယင်းတို့၏လစာများ၊ အခကြေးငွေများ၊ ခရီးစရိတ်များ၊ အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုသွားရမည်။ နိုင်ငံခြားသား ဝန်ထမ်းများကို ခန့်ထားရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်။

၁၅ - ၀၂။ နိုင်ငံခြားသားဝန်ထမ်းများ၊ ယင်းတို့၏ မိသားစုများသည် မြန်မာနိုင်ငံတွင် နေထိုင်စဉ် မြန်မာနိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာရန် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ က တာဝန်ယူရပါမည်။

အပိုဒ် - ၁၆။ **အာမခံထားရှိခြင်း**

၁၆ - ၀၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် မြန်မာ့အာမခံဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ အားလုံးသော လိုအပ်သည့် အာမခံစနစ်အမျိုးမျိုးကို မြန်မာ့အာမခံလုပ်ငန်းတွင် ထားရှိရမည်။

အပိုဒ် - ၁၇။ **အဆောက်အဦး လွှဲပြောင်းပေးအပ်ခြင်း**

၁၇ - ၀၁။ ဤသဘောတူညီချက်ပါ စာချုပ်ငှားရမ်းခြင်း သက်တမ်း ကုန်ဆုံးပြီးနောက် ရက် (၃၀) အတွင်း အငှားချထားသည့် အဆောက်အဦးများ၊ ၎င်းအဆောက်အဦပေါ်ရှိ အငှားချထားခြင်းခံရသူမှ ပြုပြင်မွမ်းမံမှု၊ ၎င်းအဆောက်အဦးနှင့် ပစ္စည်းများအားလုံးပေါ်တွင် တပ်ဆင်မှုများ ပုံစံပြောင်းလဲမှုများနှင့် ဆောက်လုပ်ခဲ့မှုများအားလုံးတို့ကို အငှားချထားသူထံသို့ အဖိုးစားနားမပါရှိဘဲ ပြန်လည်လွှဲပြောင်းပေးရမည်။

အပိုဒ် - ၁၈။ **စာပေးစာယူပြုလုပ်ရန် လိပ်စာ**

၁၈ - ၀၁။ မန္တလေးစည်ပင်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ တို့အကြား စာဆက်သွယ်ခြင်း၊ အကြောင်းကြားစာ ပေးပို့ခြင်းများကို အောက်ပါလိပ်စာများသို့ လိပ်မူရမည်။

(က) မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ
ဒုတိယ ဗိုလ်မှူးကြီး ကျော်ဝင်း
(ကြည်း- ၁၄၂၉၅)
ကော်မတီဝင် (၄)
မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့။

(ခ) Diamond Palace Co., Ltd .
ဥက္ကဋ္ဌ
Diamond Palace Co., Ltd
၈၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊
ဈေးချိုတောင်ဘက်တိုက်တန်း (တတိယထပ်)
မန္တလေးမြို့။

အပိုဒ် - ၁၉။ **အထွေထွေ**

၁၉ - ၀၁။ စာချုပ်၏ နောက်ဆက်တွဲများ၊ ပုံစံများ၊ မြေပုံများနှင့် စာရင်းအင်းများအားလုံးသည် ဤစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်စေရမည်။

၁၉ - ၀၂။ ဤစာချုပ်သည် ယခင်က စာချုပ်ဝင်များအချင်းချင်း သဘောတူညီချက်များ၊ နားလည်မှုများ အားလုံးကို လွှမ်းမိုးသည်။

အထက်ပါ စည်းကမ်းချက်များကို သိရှိနားလည်သဘောပေါက်၍ စာချုပ်ဝင် နှစ်ဦးနှစ်ဖက်တို့သည် အောက်ပါ အသိသက်သေများ ရှေ့မှောက်တွင် မိမိတို့၏ လက်မှတ်နှင့် တံဆိပ်များကို အထက်တွင် ဖော်ပြရေးသားထားသော( ) ရက်၊ လ၊ ၂၀၀၁ ခုနှစ်တွင် မန္တလေးမြို့၌ သဘောတူကြောင်း ရေးထိုးရိုက်နှိပ်ကြပါသည်။

(က) မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ (ကိုယ်စား)

ဒုတိယ ဗိုလ်မှူးကြီး ကျော်ဝင်း
(ကြည်း- ၁၄၂၉၅)
ကော်မတီဝင် (၄)
မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့။

(ခ) Diamond Palace Co., Ltd . (ကိုယ်စား)

ဦးသိန်းသန်း
ဥက္ကဋ္ဌ
Diamond Palace Co., Ltd.
၈၄ လမ်း၊ ၂၇လမ်းနှင့် ၂၈ လမ်းကြား၊
ဈေးချို တောင်ဘက်တိုက်တန်း (တတိယထပ်)
မန္တလေးမြို့။

အသိသက်သေများ

၁။

လက်မှတ် ----------------------------------
အမည် ----------------------------------
ရာထူး ----------------------------------
လိပ်စာ ----------------------------------

၂။

လက်မှတ် ----------------------------------
အမည် ----------------------------------
ရာထူး ----------------------------------
လိပ်စာ ----------------------------------


၁။

လက်မှတ် ----------------------------------
အမည် ----------------------------------
ရာထူး ----------------------------------
လိပ်စာ ----------------------------------

၂။

လက်မှတ် ----------------------------------
အမည် ----------------------------------
ရာထူး ----------------------------------
လိပ်စာ ----------------------------------

ZEGYO HOTEL



FRONT ELEVATION

(ရှိန်ဝေ)
အင်ဂျင်နီယာချုပ်
နိုင် မှန်းပဲလေ့ (၆) ကုမ္ပဏီလီမိတက်

စာအမှတ်.................
ရက်စွဲ.................

MINGALAR HALL




FRONT ELEVATION

(ချစ်ဆွေ)
အင်ဂျင်နီယာချုပ်
ဒိုင်းမွန်းပဲလေ့ (စ်) ကုမ္ပဏီလီမိတက်

ZEGYO HOTEL

2nd FLOOR



FLOOR PLAN


- Area =23040 sqft
- North Stair Well, Public Walk Way & Shop =29'*48' =1392 sqft
- Middle Stair Well, Open Space & Public Walk Way =70'*48' =5360 sqft
- South Stair Well & Smoking Area =13'*48' =624 sqft
- R.C.C. Column Area=1.25*34*2 =85 sqft
- Total Area Of Stair Well, Public Walk Way,Open space, Smoking & Columns =5461 sqft

- USEFUL AREA =23040-5461
  =17579 sqft (or) 1633 sqm

(မြင့်ဆွေ)
[illegible]
[illegible]

ZEGYO HOTEL

3rd FLOOR



FLOOR PLAN

... =480'*48' =23040 sqft
... Well & =16.5'*48 =792 sqft
...king Area
...le Stair Well &
... Space & =70.6'*48'=3360 sqft
... Way
...th Stair Well & =21'*48' =1008 sqft
...king Area
...tal Area Of
...r well,Open Space =5160 sqft
... Smoking Area

...FUL AREA =23040-5160
=17880 sqft (or)1661.95 sqm



(ခင်ထွေး)
အင်ဂျင်နီယာချုပ်
[illegible](၆)ကုမ္ပဏီလီမိတက်

ခရိုင်မီးသတ်ဦးစီးဌာန
စာအမှတ် ....
ရက်စွဲ ...
မန္တလေးမြို့

ထောက်ခံချက်

ရက်စွဲ၊ ၂၀၀၁ခုနှစ်ဇူလိုင်လ(၇)ရက်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက် (၅၉၈)၊ ၈၄လမ်း ၂၇×၂၈ လမ်းကြားရှိ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီပိုင် ဈေးချိုတော်ဘက်တိုက်တန်းတွင် ဒိုင်းမွန်းပဲလေ့(စ်) ကုမ္ပဏီ လိမိတက် ဥက္ကဌ ဦးသိန်းသန်း (အင်တီယူ-၁၀၈၀၄၆) က ဈေးချိုဟိုတယ် တည်ဆောက်ဖွင့်လှစ်ခြင်း အား ကန့်ကွက်ရန်မရှိကြောင်းထောက်ခံပါသည်။

ဦးဇော်ဝင်း (မ/၃၅၁၁)
ခရိုင်မီးသတ်(ဦးစီးမှူး)အရာရှိ
မန္တလေးမြို့။

ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီလီမိတက်

ဈေးချိုဟိုတယ်(မန္တလေး)

"မီးဘေးလုံခြုံရေးစီမံချက်"

<u>နိဒါန်း</u>

၁။ ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီလီမိတက်သည်ဈေးချိုဟိုတယ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးချိုတောင်ဘက်တိုက်တန်းအဆောက်အဦးကို နှစ်ရှည်ငှားရမ်း၍ဖွင့်လှစ်ထားသောဟိုတယ်ဖြစ်ပါသည်။ဈေးချိုဟိုတယ်သည် မန္တလေးမြို့၊ချမ်းအေးသာဇံမြို့နယ်၊၈၄လမ်း (၂၈လမ်းနှင့်၂၇လမ်းကြား)တွင်တည်ရှိပြီး၊ အိပ်ခန်းပေါင်း(၁၂၀)ရှိပါသည်။

<u>ရည်ရွယ်ချက်</u>

၂။ နိုင်ငံတော်အဆောက်အဦးတစ်ခုဖြစ်ပြီး ဒိုင်းမွန်းပဲလေ့(စ်)ကုမ္ပဏီမှငွေကြေးမြောက်မြားစွာရင်းနှီးမြှုပ်နှံအကုန်အကျခံ တည်ဆောက်ထားသော ဟိုတယ်တစ်ခုဖြစ်သည်နှင့်အညီ မီးဘေးအန္တရာယ်ကာကွယ်ရေး၊မီးဘေးလုံခြုံရေးကိစ္စများမှာ အထူးပင်အရေးကြီးဆောင်ရွက်ရမည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည့်အတွက် ဤဈေးချိုဟိုတယ်၏"မီးဘေးလုံခြုံရေးစီမံချက်" ကိုရေးဆွဲရခြင်းဖြစ်ပါသည်။

<u>လုပ်နည်း</u>

၃။ ဈေးချိုဟိုတယ်၏မီးဘေးလုံခြုံရေးစီမံချက်အရ အောက်ပါအတိုင်းအကြမ်းဖျင်းစီမံချက်နှင့်အသေးစိပ်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(က)<u>အကြမ်းဖျင်းစီမံချက်</u>။ ။ဈေးချိုဟိုတယ်မီးဘေးလုံခြုံရေးအတွက်ကို အောက်ပါအတိုင်းအကြမ်းဖျင်းစီမံချက်အရဆောင်ရွက်ထားရန်။

(၁) မီးသတ်ဦးစီးဌာနမှညွှန်ကြားထားသောမီးဘေးကာကွယ်ရေး၊လုံခြုံရေး အစီအစဉ်အရ တိုင်း/မြို့နယ်မီးသတ်ဌာန၏ညွှန်ကြားချက်များနှင့်အညီ ဟိုတယ်အတွင်းမီးဘေးလုံခြုံရေးကိစ္စများ ၊ဆောင်ရွက်ထားရန်။

(၂) မီးသတ်ဦးစီးဌာနမှထုတ်ပေးထားသောမီးသတ်ဗူးများကို သတ်မှတ်ထားသောနေရာများတွင်စနစ်တကျထားသိုရန်။

(၃) မီးသတ်ပိုက်များအရေးပေါ်သုံးစွဲနိုင်ရန် နေရာများစနစ်တကျသတ်မှတ်ထားရန်။

(၄) မီးဘေးလုံခြုံရေးအတွက် သတိပေးဆိုင်းဘုတ်များ၊လမ်းညွှန်ချက်များကို အများမြင်နိုင်သောနေရာများတွင်ချိတ်ဆွဲထားရန်။

(၅) ဟိုတယ်ဝန်ထမ်းများက အရေးပေါ်မီးဘေးအန္တရာယ်ကျရောက်ပါက မည်သို့မည်ပုံဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ထားသော အမိန့်/ညွှန်ကြားချက်များကို ရှင်းလင်းအသိပေးထားရန်။

(ခ)<u>အသေးစိပ်စီမံချက်</u>။ ။ဈေးချိုဟိုတယ်မီးဘေးလုံခြုံရေးအတွက် အောက်ပါအတိုင်းအသေးစိပ်စီမံချက်များ ရေးဆွဲဆောင်ရွက်ထားရန်။

(၁) ဟိုတယ်အဆောက်အဦးအတွင်းရှိစင်္ကြန်များ၊မီးဖိုဆောင်များ၊အိပ်ခန်းများ၊ ထမင်းစားခန်းများ၊ဧည့်ခန်းများတွင်မီးကပ်၊မီးချိတ်နှင့်မီးသတ်ဗူးများစနစ်တကျ ချိတ်ဆွဲထားသိုနိုင်ရန်နေရာများ သတ်မှတ်ထားရန်။

(၂) မီးသတ်ဗူးများအသုံးပြုပုံနှင့် ပတ်သက်၍ဟိုတယ်ဝန်ထမ်းများအားမီးသတ်ဦးစီးဌာနအကူအညီဖြင့်ပညာပေးလက်တွေ့လေ့ကျင့်ခန်းများဆောင်ရွက်ထားရန်။

(၃) အရေးပေါ်မီးဘေးအန္တရာယ်ကျရောက်ပါကသက်ဆိုင်ရာတာဝန်ခံများမှ အောက်ခြေဝန်ထမ်းအထိ မိမိတို့အရေးတကြီးဆောင်ရွက်ကျရမည့်လုပ်ငန်းတာဝန်များခွဲဝေသတ်မှတ်ပေးခြင်း၊လက်တွေ့လေ့ကျင့်ပေးခြင်း။

(၄) နိုင်ငံတော်ပိုင်အဆောက်အအုံမပျက်မစီးမဆုံးရှုံးစေရန်လည်းကောင်း၊ ကုမ္ပဏီပိုင်ပစ္စည်းပစ္စယများမပျက်မစီးမဆုံးရှုံးစေရန်လည်းကောင်း၊ မီးဘေးအန္တရာယ်ကျရောက်နိုင်စေသည့် မီးပေါ်ဆမှု၊လုံခြုံရေးပေါ်ဆမှုများကို ဝန်ထမ်းများအားလုံးအမြဲကြီးကြပ်စစ်ဆေးဆောင်ရွက်စေရန်။

(၅) ဟိုတယ်လုံခြုံရေးမှူးများသည် မိမိတာဝန်ယူရသောဟိုတယ်လုံခြုံရေးတာဝန်အပြင် ဤစီမံချက်အရ ထုတ်ပြန်ထားသော မီးဘေးလုံခြုံရေးကိစ္စရပ်များကို တာဝန်တစ်ရပ်အနေဖြင့်ကြပ်ကြပ်မတ်မတ်ဂရုစိုက်ဆောင်ရွက်ရန်။

<u>အုပ်ချုပ်မှု</u>

၄။ ဈေးချိုဟိုတယ်မီးဘေးလုံခြုံရေးစီမံချက်အရ ဒိုင်းမွန်းပဲလေ့(စ်)ကုမ္ပဏီ(ရုံးချုပ်)နှင့် ဈေးချိုဟိုတယ်ဝန်ထမ်းများအားလုံးတက်ညီလက်ညီစနစ်တကျပူးတွဲတာဝန်ယူဆောင်ရွက်ကြရမည်။

၅။ ဟိုတယ်မန်နေဂျာသည် ဈေးချိုဟိုတယ်မီးဘေးလုံခြုံရေးအတွက် အဓိကတာဝန်ယူကွပ်ကဲအုပ်ချုပ်ရန်တာဝန်ရှိသည့်ဌာနဆိုင်ရာတာဝန်ခံအသီးသီးသည် ဟိုတယ်မန်နေဂျာအားတာဝန်ခံအကူအညီပေးဆောင်ရွက်ကြရမည်။ဟိုတယ်မန်နေဂျာသည်မြို့နယ်/တိုင်းမီးသတ်ဦးစီးဌာနများနှင့် မီးဘေးလုံခြုံရေးကိစ္စများအတွက် ဆွေးနွေးတိုင်ပင်ကာ အကူအညီများရယူဆောင်ရွက်ရမည်။ဟိုတယ်မန်နေဂျာသည်မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ဆောင်ရွက်ဖွယ်ရာကိစ္စအဝဝကို မိမိအထက်တာဝန်ရှိသူအဆင့်ဆင့်အားအချိန်မှီအသိပေးခြင်း၊လုပ်ပိုင်ခွင့်များတောင်းခံခြင်း၊ညွှန်ကြားချက်အတိုင်းဆောင်ရွက်ခြင်း စသည်တို့ကိုလိုက်နာဆောင်ရွက်ရမည်။

၆။ ဈေးချိုဟိုတယ်မီးဘေးလုံခြုံရေးနှင့်ပတ်သတ်၍ အောက်ပါအတိုင်းဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ရမည်–

(က)တိုင်းအေးချမ်းသာယာရေးကော်မတီ

(ခ)တိုင်းမီးသတ်ဦးစီးဌာန

(ဂ)မြို့နယ်အေးချမ်းသာယာရေးကော်မတီ

(ဃ)မြို့နယ်မီးသတ်ဦးစီးဌာန

(င)မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့

(စ)မြို့နယ်ကြက်ခြေနီအဖွဲ့

(ဆ)ရပ်ကွက်အေးချမ်းသာယာရေးကော်မတီ

(ဇ)မန်နေဂျာ(ဈေးချိုဟိုတယ်)

(ဈ)လုံခြုံရေးမှူး(ဈေးချိုဟိုတယ်)

ဥက္ကဌ(ကိုယ်စား)
(စံသိန်း)
အထွေထွေမန်နေဂျာ

မြန်မာနိုင်ငံတော်အစိုးရ (ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ)

ကုန်သွယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်

ကြော်ငြာအမှတ် ထသက-၁၉၂၉ ထုတ်ပေးသည့်ရက်စွဲ ၁၉-၁၂-၉၄

၁။ ရန်ကုန် တိုင်းဒေသကြီး / ပြည်နယ် ဗဟန်း မြို့ / မြို့နယ်အတွင်းရှိ

ဒိုင်းမွန်းပဲလေ့(စ်)ကုမ္ပဏီလီမိတက်

အား ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင် အဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

(က) လုပ်ငန်းအမျိုးအစား လီမိတက်ကုမ္ပဏီ

(ခ) လုပ်ငန်းမှတ်ပုံတင်အမှတ် ၉၇၂/၉၄-၉၅

(ဂ) လုပ်ငန်းဌာနလိပ်စာ အမှတ်(၁၄/ဆ) ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်

တယ်လီဖုန်းအမှတ် ________ တယ်လက်စ်အမှတ် ________ ဖက်စ်အမှတ် ________

(ဃ) ခွင့်ပြုသည့်ကုန်ပစ္စည်းအမျိုးအမည် — တားမြစ်ထားသောကုန်ပစ္စည်းအမယ်များမှလွဲ၍ ကုန်ပစ္စည်းများအားလုံး

(င) မှတ်ပုံတင်သက်တမ်း ၁၉-၁၂-၉၄ မှ ၁၈-၁၂-၉၇ထိ (သုံး) နှစ်

မှတ်ချက်။ ။ လုပ်ငန်းရှင်သည် မှတ်ပုံတင် ထုတ်ကုန် သွင်းကုန်လုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(လက်မှတ်)

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

([illegible])

၂။ ထုတ်ကုန် သွင်းကုန်လုပ်ငန်း လုပ်ငန်းရှင်မှတ်ပုံတင်အား သက်တမ်း တိုးမြှင့်ပေးခြင်း

သက်တမ်းတိုးမြှင့်သည့်ကာလ	ခွင့်ပြုသူလက်မှတ်နှင့်အမည်
(၁) ၁၉.၁၂.၉၇ နေ့မှ ၁၈.၁၂.၂၀၀၀ ထိ	ဒေါ်ခင်ဝင်း-ဒုတိယညွှန်ကြားရေးမှူး
(၂) ၁၉.၁၂.၂၀၀၀ နေ့မှ ၁၈.၁၂.၂၀၀၃ ထိ	(လက်မှတ်) ဒေါ်အေးမူ-လက်ထောက်ညွှန်ကြားရေးမှူး
(၃) ________ နေ့မှ ________ ထိ	

လုပ်ငန်းဌာနလိပ်စာပြောင်းလဲခြင်း

အမှတ်(၂၁) အေ/၁ တက္ကသိုလ်ရိပ်သာသစ် အင်္ဂါရိပ်ကွက် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

(လုပ်ငန်းဌာနလိပ်စာပြောင်းလဲခွင့်ပြုသည်။)

(လက်မှတ်)

ဒေါ်အေးမူ-လက်ထောက်ညွှန်ကြားရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဟိုတယ်နှင့်တည်းခိုရိပ်သာတည်ဆောက်ရေးလုပ်ငန်း

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၀၆၂၆ ....

၂၀၀၉ ပြည့်နှစ် မတ်လ ၉ ရက်။

မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ ပုဒ်မ ၁၁ အရ ဤခွင့်ပြုမိန့်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ထုတ်ပေးလိုက်သည်–

(က) လုပ်ငန်းရှင်အမည် ဦးသိန်းသန်း (ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီလီမိတက်) ....

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် အင်န်တီယူ - ၁၀၀၈၈၄၆ ....

(ဂ) နိုင်ငံသား .... မြန်မာ ....

(ဃ) နေရပ်လိပ်စာ အပြည့်အစုံ .. အမှတ် - ၂၃၊ အေ - ၃၊ တက္ကသိုလ်ရိပ်သာလမ်း၊ .... ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ....

(င) အဖွဲ့အစည်းအမည် .... ရေးနှီးဟိုတယ် ....

(စ) အဖွဲ့အစည်း လိပ်စာအပြည့်အစုံ ၈၄လမ်း၊ ၂၇×၂၈လမ်းကြား၊ မန္တလေး .... ရေးနှီးတောင်ဘက်တိုက်တန်း၊ မန္တလေးမြို့။ ....

(ဆ) ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းအမျိုးအစား .... ဟိုတယ် ....

(ဇ) မတည်ငွေရင်း ....

(၁) ကျပ်ငွေ ၁၁၃၅၀၀၀၀၀ိ/- ....

(စာဖြင့်) ကျပ်သိန်း တစ်ထောင်တစ်ရာသုံးဆယ့်ငါး တိတိ ....

(၂) ဒေါ်လာ မရှိပါ ....

(စာဖြင့်) မရှိပါ ....

(ဈ) လုပ်ငန်းဆောက်လုပ်/ပြုပြင် မွမ်းမံမည့်ကာလ .... (၄)လ ....

(ည) လုပ်ငန်းဆောက်လုပ် / ပြုပြင် မွမ်းမံမည့်နေရာ ၈၄လမ်း၊ ၂၇×၂၈လမ်းကြား၊ မန္တလေး ရေးနှီး တောင်ဘက်တိုက်တန်း၊ မန္တလေးမြို့။

(ဋ) လုပ်ငန်းဆောက်လုပ် / ပြုပြင် မွမ်းမံမည့်မြေဧရိယာ .... ၄၈ပေ × ၄၈၀ပေ ....

(ဌ) အဆောက်အအုံပမာဏ

(၁) အထပ် .... (၂)ထပ် ....

(၂) အခန်း .... (၃၆) ခန်း ....

ဝန်ကြီး

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

နိုင်ငံသား စိစစ်ရေး ကတ်ပြား [illegible]

အမှတ် - [illegible]

အရပ် - [illegible]

ရက်စွဲ - [illegible]

ဆေးအဆင်း - [illegible]

ထင်ရှားသည့် အမှတ်အသား - [illegible]



အမည် - [illegible]

ဖခင်၏အမည် - [illegible]

မွေးသက္ကရာဇ် - [illegible]

လူမျိုး - [illegible]

ကိုးကွယ်သည့်ဘာသာ - [illegible]


ထုတ်ပေးသူ၏လက်မှတ်

အမည် - [illegible]

ရာထူး - [illegible]

သက်သေခံကတ်ပြားအမှတ် - [illegible]

လက်ဝဲလက်မပုံစံ



အလုပ်အကိုင် - [illegible]

နေရပ်လိပ်စာ - [illegible]

ထိုးမြဲလက်မှတ် -

မှတ်ချက်။ (၁) ခရီးသွားသည့်အခါ တစ်ပါတည်း ယူဆောင်သွားရမည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံး ထံသို့ သတင်းပေးပို့ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ....၉၇၂........../၁၉၉၄ - ၁၉၉၅

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဒိုင်းမွန်း ပဲလေ့(စ်)ကုမ္ပဏီ လီမိတက် .... အား ပေးရန်တာဝန်ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ၁၉ ၉၄ ခုနှစ် ဒီဇင်ဘာ လ ၁၅ ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

(သိင်္ဂီတင်)
ကုမ္ပဏီများမှတ်ပုံတင်အရာရှိ
ကုမ္ပဏီများမှတ်ပုံတင်ရုံး

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

No. ....972.......... of 19 94 - 19 95

I hereby certify that DIAMOND PALACE COMPANY LIMITED ...... *is this day incorporated under the Myanmar Companies Act and that the company is Limited.*

Given under my hand at Yangon this FIFTEENTH *day of* DECEMBER *one thousand nine hundred and* NINETY FOUR

(THEINGI TIN)
Registrar of Joint Stock Companies
Companies Registration Office

FORM VI

RETURN OF ALLOTMENTS
THE MYANMAR COMPANIES ACT.

(See Section 104)

(To be filed with the Registrar within one month after the Allotment is made)

Return of allotment from the .... of 1998

on the 30th of APRIL 1998 of the *DIAMOND PALACE CO, LTD

Made pursuant to Section 104(1) ·

Number of the shares allotted payable in cash ..... 93000 Shares

" " " " .....

Nominal amount of the shares so allotted Ks.930,000,000/-

" " " " .....

Amount paid or due and payable on each such share Ks.10,000/-

" " " "

(Fully paid up)

Number of ordinary shares allotted for a consideration other than cash

Nominal amount of the ordinary shares so allotted ....

Amount to be treated as paid on each such share ....

The consideration for which such share have been allotted is as folllows:-

---

NOTE: In making a return of allotments under Section 104(1) the Myanmar Companies Act., it is to be noted that-

1. When a return includes several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effected within one month of the first date.

2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the word made substituted for the word "From" after the word "allotments" above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

FORM XXVI

PARTICULARS OF DIRECTORS. MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company: DIAMOND PALACE COMPANY LIMITED

Presented by: U NYI NYI THEIN (D)

The present christian name or names of surnames	Nationality. National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1.U Thein Than	Myanmar NTU.108046	No.25/A-?, New University Avenue, Saya San Ward, Bahan Township, Yangon.	Merchant	Managing Director/ Chairman
2.Daw Nwe Nwe Thar	Myanmar MDYSE.012187	Bldg:No.G/F, Room No.8, Dhamazedi Street, Bahan Township, Yangon.	Merchant	Director
3. U Myint Swe	Myanmar TTA.034922	No.614, 81st Street, Bet:40th & 41st Street, Maha Aung Myae Township, Mandalay.	Merchant	Director/ Vice Chairman
4. U Nyi Nyi Thein	Myanmar 12/Ya Ka Na (Naing)000837	No.3(B), Thitsar Road, Yankin Township, Yangon.	Merchant	Appointed as Director/General Manager & Share Holder w.e.f 21.8.2001

NOTE: (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ...." and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this 21.8.2001

DIAMOND ... No ...... Date ......

Signature

Designation U NYI NYI THEIN (DIRECTOR)